## Saints Peter and Paul, Apostles **(June 27, 2014)**

### 1st READING: *Acts 12:1-11*

တမန်တော်ဝတ္ထု ၁၂း ၁–၁၁၊

ထိုအချိန်၌ဟေရုဒ်ဘုရင်သည် အသင်းတော်တွင်ပေါဝင်သူအချို့တို့ကိုရက်စက်ကြမ်းကြုတ်စွာ ညှင်းဆဲ၏ ။ ယောဟန်၏အစ်ကိုဖြစ်သောယာကုပ်ကိုဓားဖြင့်ကွပ်မျက်လေ၏။ဤသို့ပြုခြင်းကိုဂျူးလူမျိုးတို့နှစ်သက်သဘောကျကြောင်းတွေ့မြင်သောအခါပေတရုကိုလည်းဖမ်းဆီးလေ၏။ထိုအချိန်သည်တဆေးမဲ့မုန့်ပွဲတော်အချိန်ဖြစ်၏။သူသည်ပေတရုကိုဖမ်းဆီးပြီးနောက်ထောင်၌အကျဉ်းချထားပြီးလျှင်တစ်ဖွဲ့လျှင်စစ်သူရဲလေးဦးပါဝင်သောအဖွဲ့လေးဖွဲ့ဖြင့်ပေတရုကိုစောင့်ကြပ်ရန်အပ်နှံထားလေ၏။ပေတရုသည်ထောင်ထဲတွင်အကျဉ်းခံနေရသောကြောင့် အသင်းတော်သည် သူ့အတွက် ဘုရားသခင်ထံ အဆက်မပြတ်ဆုတောင်းလျက်ရှိ၏။ဟေရုဒ်ဘုရင်သည်ပေတရုကိုအပြင်သို့ထုတ်၍၊စစ်ဆေးမည့်ဆဲဆဲညတွင်ပေတရုသည်သံကြိုးနှစ်ချောင်းဖြင့်ချည်နှောင်ထားခြင်းခံရပြီး၊စစ်သူရဲနှစ်ယောက်တို့၏အလယ်တွင်အိပ်ပျော်လျက်ရှိ၏။အစောင့်များသည်လည်းထောင်တံခါးရှေ့တွင်အကျဉ်းထောင်ကိုစောင့်ကြပ်လျက်ရှိကြ၏။ထိုအခါသခင်ဘုရား၏ကောင်းကင်တမန်သည်ရုတ်တရက်ပေါ်လာ၍၊အကျဉ်းထောင်ခန်းထဲ၌အလင်းရောင်တစ်ခုထွန်းတောက်လေ၏။ သူသည်ပေတရု၏နံဘေးကိုပုတ်၍ နိုးလျက် အလျင်အမြန်ထလော့ဟုဆို၏ ။ သံကြိုးများသည်လည်းပေတရု၏လက်တို့မှ ကျွတ်ကျသွားကြ၏။ ကောင်းကင်တမန်က ပေတရုအား သင်၏ အဝတ်များကိုဝတ်ဆင်၍၊ဖိနပ်ကိုစီးလော့ဟုဆိုသဖြင့် သူသည်လည်းထိုအတိုင်းပြုလေ၏။ ထို့နောက် သူက သင်၏ဝတ်ရုံကိုခြုံ၍၊ငါ့နောက်သို့လိုက်ခဲ့လော့ဟုဆို၏။ပေတရုသည်လည်းအပြင်သို့ထွက်၍ကောင်းကင်တမန်၏နောက်သို့လိုက်လေ၏။ သူသည် ကောင်းကင်တမန်ပြုလုပ်သမျှကို အမှန်တကယ်ဖြစ်ပျက်နေသည်ဟုမသိခဲ့ဘဲ၊ရူပါရုံကိုမြင်နေရသည်ဟုသာထင်မှတ်ခဲ့၏။သူတို့သည်ပထမနှင့်ဒုတိယကင်းစောင့်များကိုကျော်ခဲ့ပြီး၊ မြို့ဘက်သို့သွားသည့်သံတံခါးဆီသို့ ရောက်လာကြ၏။ သံတံခါးသည်အလိုအလျောက်ပွင့်လာသဖြင့်သူတို့သည်ထွက်ခဲ့ကြပြီးနောက်လမ်းတစ်ခုအတိုင်းဆက်သွားကြရာကောင်းကင်တမန်သည်ရုတ်တရက်ထွက်ခွာသွားလေ၏။ထိုအခါပေတရုသည်သတိပြန်ရလာ၍၊သခင်ဘုရားသည် မိမိတမန်တော်ကို စေလွှတ်၍၊ ငါ့ကို ဟေရုဒ်ဘုရင်လက်မှလည်းကောင်း၊ ဂျူးလူမျိုးတို့ မျှော်လင့်ထားသော ဘေးရန်အပေါင်းမှလည်းကောင်း ငါ့ကိုကယ်တော်မူခဲ့သည်ကို ယခုငါသေချာစွာသိလေပြီဟု ဆို၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  34:2-3, 4-5, 6-7, 8-9

ဆာလံကျမ်း   ၃၄

**သံပြိုင်။**  ။ ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့အားကိုယ်တော်၏တမန်တော်သည်ဝန်းရံစောင့်ရှောက်၍ လွတ် မြောက်စေတော်မူ၏ ။
R.   The angel of the Lord will rescue those who fear him.

၁။  ငါသည် ထာဝရဘုရားကို အစဉ် ချီးမွမ်းထောမနာပြု မည်။ ကိုယ်တော်အား ချီးမွမ်းခြင်းသည် ငါ၏ နှုတ် များတွင် အစဉ်ရှိမည်။ ငါ၏ ဝိညာဉ်သည် ထာဝရ ဘုရား၌ ဂုဏ်ယူဝံ့ကြွားမည်။ စိတ်နှိမ့်ချသော သူတို့ သည် ကြားသိ၍ ဝမ်းမြောက်ကြပါစေ **သံပြိုင်။**
I will bless the Lord at all times; his praise shall be ever in my mouth. Let my soul glory in the LORD; the lowly will hear me and be glad.

၂။  ငါနှင့်အတူထာဝရဘုရားအားဂုဏ်ပြုချီးမွမ်းကြလော့။ကိုယ်တော်၏နာမတော်ကိုအတူတကွချီးမြှောက် ကြကုန်စို့။ငါသည်ထာဝရဘုရားကိုရှာသောအခါကိုယ်တော်သည်ငါ့ကိုအဖြေပေးတော်မူ၏ ။ကြောက်ရွံ့စိုး ရိမ်ဖွယ်ရာဟူသမျှငါ့ကိုလွတ်မြောက်တော်မူ၏ ။ **သံပြိုင်။**
Glorify the LORD with me, let us together extol his name. I sought the LORD, and he answered me and delivered me from all my fears.

၃။  ဘုရားသခင်ကိုမျှော်ကြည့်သောသူတို့သည်ပျော်ရွှင်မှုဖြင့်တောက်ပရွှင်လန်းလျက်ရှိကြ၏ ။ သူတို့၏ မျက်နှာများသည်မည်သည့်အခါမျှရှက်ကြောက်ခြင်းနှင့်ဖုံးလွှမ်းခံရလိမ့်မည်မဟုတ်။ဆင်းရဲသောသူသည် အော်ဟစ်၍ထာဝရဘုရားသည်သူ့ကိုနားညောင်းတော်မူပြီးလျှင်ဘေးဒုက္ခအပေါင်းမှကယ်တော်မူ၏ ။
**သံပြိုင်။**
Look to him that you may be radiant with joy, and your faces may not blush with shame. When the poor one called out, the LORD heard, and from all his distress he saved him.

၄။  ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့အား ကိုယ် တော်၏တမန်တော်သည်ဝန်းရံစောင့်ရှောက်၍ လွတ် မြောက်စေတော်မူ၏ ။ထာဝရဘုရားသည်ကောင်းမြတ်တော်မူကြောင်းကိုမြည်းစမ်း၍ကြည့်ကြလော့။ ကိုယ်တော်၏ အထံတော်၌ ခိုလှုံသော သူတို့သည် မင်္ဂလာရှိကြ၏။ **သံပြိုင်။**
The angel of the LORD encamps around those who fear him, and delivers them. Taste and see how good the LORD is; blessed the man who takes refuge in him.

**2nd READING: 2 TM 4:6-8, 17-18**
တိမောသေဦးထံပေါလုရေးသောဒုတိယစာစောင် ၄း၆–၈ ၁၇–၁၈

ငါပေါလုသည်မိမိအသက်ကိုပူဇော်ရမည့်အချိန်ကျရောက်လာပြီ။ဤလောကမှထွက်ခွါရမည့်အချိန်နီးကပ်လာပြီ။ ငါသည် ပြေးပွဲတွင် အစွမ်းကုန်ကြိုးစားခဲ့ပြီ။ငါသည်ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးခဲ့ပြီ။ ယုံကြည်ခြင်းတရားကို စောင့်ထိန်းခဲ့ပြီ။ ယခုအခါ၌ သခင်ဘုရားနှင့်မှန် ကန်စွာဆက်ဆံသူအား ပေးအပ်သည့် အောင်ဆု လာဘ်သည် ငါ့အတွက်အသင့်ရှိနေပြီ။ ဖြောင့်မတ် စွာတရားစီရင်တော်မူသော တရားသူကြီးတည်း ဟူသော သခင်ဘုရားသည်ထိုဆုလာဘ်ကို တရားစီရင်တော်မူရာနေ့၌ ငါ့အားပေးတော်မူလိမ့်မည်။ ငါ့ကိုသာမက ဤလောကသို့နောက် တစ်ဖန်ကိုယ်တော်ပေါ်ထွန်းတော်မူမည်ကို တောင့်တစောင့် မျှော်သူအပေါင်းတို့အားလည်းပေးတော်မူလိမ့်မည်။ သခင်ဘုရားသည် ငါနှင့်အတူရှိတော်မူ ၍ ငါ့ကိုခွန်အားပေးတော်မူသဖြင့် ငါ့သည် လူမျိုးခြားအပေါင်းတို့အား တရားတော်ကို အကုန်အစင် ဟောပြောနိုင်ခဲ့၏။ ကိုယ်တော် ကယ်တင်တော်မူသဖြင့် ငါသည်သေဒဏ်ခံရခြင်းမှကင်းလွတ်ခွင့်ကို လည်းရရှိ၏။ သခင်ဘုရားသည် ငါ့အား ဘေးအန္တရာယ်အပေါင်းတို့မှ ကယ်နှုတ်တော်မူ၍ မိမိ၏ ကောင်းကင်နိုင်ငံတော်သို့ လုံခြုံစွာ ပို့ဆောင်တော်မူလိမ့်မည်။ကိုယ်တော်သည်ကမ္ဘာအဆက်ဆက်ဘုန်းအ သရေထွန်းတောက်တော်မူပါစေသတည်း။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** *MT 16:13-19*

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၁၆း၁၃–၁၉

သခင်ယေရှုသည် ဆီဇာရိယဖိလစ်ပိနယ်သို့ရောက် တော်မူသောအခါ လူအပေါင်းတို့သည် လူသားကို မည်သူဖြစ်သည်ဟူ၍ဆိုကြသနည်းဟု တပည့်တော် တို့အားမေးတော်မူ၏။လူအချို့က ကိုယ်တော်သည် ယောဟန်ဗတ္တိဇံ၊ အချို့ကဧလိယ၊ အချို့က ဂျေရမိယသို့မဟုတ် အချို့ကအခြားသောပရောဖက် တစ်ပါးပါး ဖြစ်ကြောင်း ပြောဆိုကြပါသည်ဟု လျှောက်ကြ၏။သခင်ယေရှုကလည်းသင်တို့မူကား ငါ့ကိုမည်သူဖြစ်သည်ဟုဆိုကြသနည်းဟုသူတို့အား မေးတော်မူလျှင်။ စီမုန်ပေတရုက ကိုယ်တော်သည် အသက်ရှင်တော်မူသော ဘုရား၏သားတော် သခင် ခရစ်တော်ဖြစ်ပါသည်ဟုလျှောက်ကြ၏။ ယေရှုကလည်း ယောနာ၏သားစီမုန်၊ သင်သည်မင်္ဂ လာရှိ၏။ အကြောင်းမူကား ဤအရာကိုသင့်အား အသွေးအသားကဖော်ပြခြင်းမဟုတ်၊ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်က ဖော်ပြခြင်းသာ ဖြစ်၏။ငါသည်သင်အားဆိုသည်မှာသင်သည်ပေတရုဖြစ်၏။ဤကျောက်ပေါ်မှာငါ၏အသင်းတော်ကိုငါ တည် ဆောက်မည် ထိုအသင်းတော်ကိုမရဏာနိုင်ငံ၏တန် ခိုးအာဏာတို့သည်မအောင်နိုင်ရာ။ ကောင်းကင် နိုင်ငံတော်၏ သော့ကိုလည်းသင့်အား ငါပေးမည်။ ကမ္ဘာမြေပေါ်တွင်သင်ချည်နှောင်သမျှ သည် ကောင်းကင်၌ ချည်နှောင်လျှက် ရှိလိမ့်မည်၊ ကမ္ဘာမြေပေါ်တွင် သင်ဖြေ လွှတ်သမျှသည်လည်း ကောင်းကင်၌ဖြေလွှတ်လျှက်ရှိလိမ့်မည်ဟုမိန့်တော် မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။